# ဝင်ငွေခွန်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ

(၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်   ၃၆။ )

၁၃၇၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော်   ၁၃   ရက်

( ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ   ၃၁  ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **ဝင်ငွေခွန်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ** ဟု ခေါ်တွင် စေရမည်။

၂။ ဤဥပဒေသည် ၂၀၁၆-၂၀၁၇ ဝင်ငွေနှစ်အတွက်မှ စတင်အကျိုးသက်ရောက်စေရမည်။

၃။ ဝင်ငွေခွန်ဥပဒေတွင် ပါရှိသော "ကုမ္ပဏီများဆိုင်ရာအခွန်ရုံး" ဆိုသည့် စကားရပ်ကို "အလယ်အလတ် အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၄။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၃၊ ပုဒ်မခွဲ (န)၊ ပုဒ်မခွဲငယ် (၁) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(၁) ဤဥပဒေအရ တောင်းခံသည့် သို့မဟုတ် အခွန်ထမ်းကိုယ်တိုင်က ဝင်ငွေကြေညာလွှာနှင့်အတူ စည်းကြပ်မှုခံယူထားသည့် အခွန်အားလုံးကိုဖြစ်စေ၊ တစ်ချို့တစ်ဝက်ကိုဖြစ်စေ သတ်မှတ်ထားသည့် သို့မဟုတ် တိုးမြှင့်ပေးထားသည့် အချိန်ကာလအတွင်း ပေးဆောင်ရန် ပျက်ကွက်သူ၊"

၅။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၅ တွင် -

(က) ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၃)ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(၃) ပင်စင်၊ ပင်စင်မှ ပြောင်းလဲ၍ ရရှိသောငွေနှင့် လုပ်သက်ဆုငွေ (Gratuity)၊"

( ခ ) ပုဒ်မခွဲ (ဃ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ဃ) ကုလသမဂ္ဂ၊ သံတမန်၊ ကောင်စစ်ရေးရာ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ရင်းနှီးမြှုပ်နှံမှုနှင့် အထူးစီးပွားရေးဇုန်ဆိုင်ရာဥပဒေတစ်ရပ်ရပ်နှင့် အဆောက်အအုံ များဆိုင်ရာဥပဒေတစ်ရပ်ရပ်တို့တွင် ဝင်ငွေခွန်နှင့်သက်ဆိုင်သည့် အကျိုးခံစားခွင့်များ ပြဋ္ဌာန်းပါရှိလျှင် ယင်းပြဋ္ဌာန်းချက်များနှင့်အညီ ခံစားခွင့်ရှိစေရမည်။ ယင်းဥပဒေ များမှ တစ်ပါးအခြားဥပဒေတစ်ရပ်ရပ်တွင် ဝင်ငွေခွန်နှင့် သက်ဆိုင်သည့် အကျိုးခံစားခွင့်ကို မည်သို့ပင် ပြဋ္ဌာန်းပါရှိစေကာမူ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေနှင့်ဝင်ငွေခွန်ဥပဒေတို့ပါ ပြဋ္ဌာန်းချက်အတိုင်း လိုက်နာ ဆောင်ရွက်ရမည်။"

၆။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂) နှင့် ပုဒ်မခွဲ (ဂ)၊ ပုဒ်မခွဲငယ် (၂)၊ ပုဒ်မခွဲငယ်စိတ် (ခခ) တို့တွင် ပါရှိသော "အခွန်ထမ်း၏ အိမ်ထောင်ဖက်နှင့် သားသမီးများ" ဆိုသည့်

စကားရပ်ကို "နည်းဥပဒေပါ သတ်မှတ်ချက်များနှင့်ကိုက်ညီသည့် အခွန်ထမ်း၏ အတူနေ မိဘ၊ အိမ်ထောင်ဖက်နှင့် သားသမီးများ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၇။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၈ တွင် -

(က) ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၄) ၌ ပါရှိသော "ပစ္စည်း" ဆိုသည့် စကားရပ်ကို "ပစ္စည်းငှားရမ်းခ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မခွဲ (ခ) ၌ ပါရှိသော "လစာမှ ဝင်ငွေ၊ အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းမှ ဝင်ငွေ၊ ပစ္စည်းမှဝင်ငွေ" ဆိုသည့် စကားရပ်ကို "အသက်မွေးဝမ်းကျောင်းပညာ လုပ်ငန်းမှ ဝင်ငွေ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၈။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၉ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၉။ **လစာ** မည်သူမဆို အလုပ်ရှင်ထံမှ မိမိရရှိသည့် သို့မဟုတ် ရရန်ရှိသည့် လစာ၊ လုပ်ခ၊ နှစ်စဉ်ကြေး၊ ဆုကြေး၊ ချီးမြှင့်ငွေ၊ လစာနှင့်လုပ်ခအစား သို့မဟုတ် ယင်းတို့အပြင် ထပ်ဆောင်းရရှိသည့် အခကြေးငွေ၊ ကော်မရှင်တို့အတွက် လစာခေါင်းစဉ်ဖြင့် အခွန်ထမ်းဆောင်ရမည်။"

၉။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၁၁၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ်(၃) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(၃) လုပ်ငန်းပမာဏနှင့် မမျှအောင်များသည့်စရိတ်၊ မဆီလျော်သည့်စရိတ်၊ ထိုဝင်ငွေရရန် ကုန်ကျခြင်း မဟုတ်သည့်စရိတ်၊"

၁၀။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၁၂ ၏ ဘေးခေါင်းစဉ်၌ ပါရှိသော "ပစ္စည်း" ဆိုသည့် စကားရပ်ကို "ပစ္စည်းငှားရမ်းခ" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၁၂၊ ပုဒ်မခွဲ (က) တွင် ပါရှိသော "ပစ္စည်းခေါင်းစဉ်ဖြင့်" ဆိုသည့် စကားရပ်ကို "ပစ္စည်းငှားရမ်းခခေါင်းစဉ်ဖြင့်" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အစားထိုးရမည်။

၁၁။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၁၆-က တွင် ပုဒ်မခွဲ (က) နှင့် ပုဒ်မခွဲ (ခ) တို့ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(က) ပုဒ်မ ၁၅ အရ ပေးဆောင်ရသည့်အခွန်သည် ထိုနှစ်အတွင်း မိမိရရှိမည့် စုစုပေါင်း ဝင်ငွေကို ခန့်မှန်းတွက်ချက်၍ ယင်းအပေါ်တွင် ကျသင့်သည့်အခွန်ဖြစ်ရမည်။ ယင်းအခွန်ကို -

(၁) သုံးလတစ်ကြိမ် ပေးသွင်းရမည်ဖြစ်ပြီး သုံးလပြည့်မြောက်သည့် နေ့ရက်မှ ၁၀ ရက် အတွင်း သတ်မှတ်သည့်နည်းလမ်းများအတိုင်း ပေးသွင်းရမည်။

(၂) ပုဒ်မခွဲငယ် (၁) အရ သတ်မှတ်ရက်အတွင်း ပေးသွင်းလျှင် သက်ဆိုင်ရာ ဝင်ငွေနှစ်အတွက် ပေးသွင်းသည့် အခွန်အဖြစ် ဟု မှတ်ယူရမည်။

(ခ) အခြေပစ္စည်းမှ မြတ်စွန်းငွေဖြစ်ပါက အခြေပစ္စည်းကို ရောင်းချခြင်း၊ လဲလှယ်ခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းပြုသည့် နေ့ရက်မှ ရက်ပေါင်း ၃၀ အတွင်း အခြေပစ္စည်းမှ မြတ်စွန်းငွေအပေါ် ကျသင့်သည့်အခွန်ကို ခန့်မှန်းတွက်ချက် ပေးသွင်းရမည်။”

၁၂။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၁၇၊ ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည် -

“(က) မည်သူမဆို ဝင်ငွေနှစ်အတွင်း ဝင်ငွေခွန်စည်းကြပ်ထိုက်သည့် စုစုပေါင်းဝင်ငွေရရှိလျှင် ထိုဝင်ငွေနှစ်အတွက် မိမိ၏ဝင်ငွေကြေညာလွှာကိုလည်းကောင်း၊ ဘာသာရေးသို့မဟုတ် ကုသိုလ်ရေးအဖွဲ့အစည်းများမှအပ ကုမ္ပဏီအပါအဝင် မည်သည့် ပုဂ္ဂိုလ်စုမဆို ထိုဝင်ငွေနှစ်အတွက် မြတ်စွန်းငွေရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ဝင်ငွေကြေညာလွှာကိုလည်းကောင်း စည်းမျဉ်းများဖြင့် ပြဋ္ဌာန်းထားသည့်အတိုင်း ဝင်ငွေနှစ်ကုန်ဆုံးပြီး သုံးလအတွင်း ပေးပို့ရမည်။ သို့ရာတွင် လစာခေါင်းစဉ်မှ ဝင်ငွေသာရရှိသူဖြစ်လျှင် ယင်းသို့ပေးပို့ရန် မလို၊”

၁၃။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၃၀၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၅) ၏ နောက်တွင် ပုဒ်မခွဲငယ် (၆) ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

“(၆) ဖြစ်ထွန်းရရှိသည့် မိမိ၏ဝင်ငွေအပေါ် ကျသင့်အခွန်ကို ကိုယ်တိုင်တွက်ချက် စည်းကြပ်ပေးဆောင်စေရန် ဤဥပဒေအရ ခွင့်ပြုထားသူ။”

၁၄။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၃၁၊ ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည်-

“(က) အခြားနိုင်ငံတစ်ခုခု သို့မဟုတ် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းတစ်ခုခုနှင့် ဝင်ငွေခွန်ကိစ္စပါဝင်သော အခွန်နှစ်ထပ် စည်းကြပ်ကောက်ခံမှုရှောင်ရှားရေး သဘောတူစာချုပ် သို့မဟုတ် အခွန်ဆိုင်ရာ သတင်းအချက်အလက်များ အပြန်အလှန်လဲလှယ်ရေး သဘောတူစာချုပ် သို့မဟုတ် သက်သာသောအတိုးနှုန်းဖြင့် ချေးငွေရယူခြင်းဆိုင်ရာ သဘောတူစာချုပ် စသည့်သဘောတူစာချုပ်တစ်ရပ် ချုပ်ဆိုပါက ဤဥပဒေပါ အခြားပြဋ္ဌာန်းချက်များတွင် မည်သို့ပင်ပါရှိစေကာမူ ယင်းစာချုပ်ပါ သဘောတူညီချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။”

၁၅။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၃၂၊ ပုဒ်မခွဲ (ဂ)၊ ပုဒ်မခွဲငယ် (၂) ကို အောက်ပါအတိုင်း အစားထိုးရမည် -

“(၂) ပြည်ထောင်စုနယ်မြေ အခွန်ဦးစီးဌာနမှူး သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အခွန်ဦးစီးဌာနမှူး သို့မဟုတ် အလယ်အလတ် အခွန်ထမ်းများဆိုင်ရာ

အခွန်ရုံးဌာနမှူး သို့မဟုတ် အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံးဌာနမှူးထံ လျှောက်ထား၍ ယင်းက ဆုံးဖြတ်သည့်အတိုင်း လိုက်နာဆောင်ရွက်ခြင်း။"

၁၆။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၃၄ ပါ "ပြည်သူ့တရားသူကြီးအဖွဲ့" ဆိုသည့် စကားရပ်များကို "ပြည်ထောင်စုတရားလွှတ်တော်ချုပ်" ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၃၄၊ ပုဒ်မခွဲ (ဃ) ပါ "ယင်းတရားသူကြီးအဖွဲ့" ဆိုသည့် စကားရပ်ကို "ယင်းတရားလွှတ်တော်ချုပ်" ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း အစားထိုးရမည်။

၁၇။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၃၇၊ ပုဒ်မခွဲ (ခ) ၏ နောက်တွင် ပုဒ်မခွဲ (ဂ) ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(ဂ) အခွန်ထမ်းက မိမိရရှိမည့် ပြန်အမ်းငွေနှင့်စပ်လျဉ်း၍ ဝင်ငွေခွန်စည်းကြပ်မှု တစ်ရပ်ရပ်အရ ပေးဆောင်ရမည့် အခွန်ငွေတွင် ခုနှိမ်ပေးရန် သို့မဟုတ် လက်ရှိဝင်ငွေနှစ်အတွက် ကြိုတင်ပေးသွင်းရမည့် ဝင်ငွေခွန်အဖြစ် သတ်မှတ်ပေးရန် တင်ပြပါက မြို့နယ်အခွန်ဦးစီးဌာနမှူးသည် အခွန်ထမ်း၏ တင်ပြချက်နှင့်အညီ ဆောင်ရွက်ပေးနိုင်သည်။"

၁၈။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၄၂ နှင့် ပုဒ်မ ၄၄ တို့တွင် ပါရှိသော "ပုဒ်မ ၇ အရ မြို့နယ်အခွန်ဦးစီးဌာနမှူး" ဆိုသည့် စကားရပ်ကို "မြို့နယ်အခွန်ဦးစီးဌာနမှူး"ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၉။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၄၄ ၊ ပုဒ်မခွဲ (ခ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ခ) ပုဒ်မခွဲ (က) အရ ဝင်ရောက်ကြည့်ရှုစစ်ဆေးရာ၌ တွေ့ရှိသော မည်သည့်နည်းစနစ်ဖြင့်မဆို ထိန်းသိမ်းထားရှိသော စာရင်းများ၊ စာရွက်စာတမ်းများကို ကြည့်ရှုစစ်ဆေးခွင့်၊ ယင်းတို့ကို မှတ်မိစေရန် တံဆိပ်အမှတ်အသား ရိုက်နှိပ်ခွင့်၊ မှတ်သားခွင့်၊ စနစ်တစ်ခုလုံးကိုဖြစ်စေ၊ ယင်းတို့မှ ကောက်နုတ်ထားချက်များကိုဖြစ်စေ ထုတ်ယူခွင့်၊ မိတ္တူကူးယူခွင့်၊ လုပ်ငန်းဆောင်ရွက်နေမှုများနှင့်သက်ဆိုင်သည့် ဓာတ်ပုံ၊ ဗွီဒီယို မှတ်တမ်းရယူခွင့်။"

၂၀။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၄၄ ၏ နောက်တွင် ပုဒ်မ ၄၄-က ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"၄၄-က။ ပုဒ်မ ၄၄၊ ပုဒ်မခွဲ (က) နှင့် ပုဒ်မခွဲ (ခ) တို့ပါ အခွင့်အာဏာ ကျင့်သုံးခြင်းခံရသော ဥပစာနေရာ၏ ပိုင်ရှင် သို့မဟုတ် ဥပဒေနှင့်အညီ နေထိုင်သူက ယင်းပုဒ်မခွဲ (က) နှင့် ပုဒ်မခွဲ (ခ) တို့နှင့်အညီ ပြုလုပ်ပိုင်ခွင့်ရှိသူ သို့မဟုတ် ပြုလုပ်ခွင့်ရှိသည့်အဖွဲ့က ဥပစာနေရာသို့ ဝင်ရောက်ကြည့်ရှုစစ်ဆေးစဉ် လိုအပ်သည့် အကူအညီများကို ပေးအပ်ရမည်။"

၂၁။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၄၇၊ ပုဒ်မခွဲ (ခ) တွင် ပါရှိသော "ထိမ်ချန်ခြင်းကြောင့် ပိုမို ကျသင့်သည့် အခွန်၏ ငါးဆယ်ရာခိုင်နှုန်းနှင့် ညီမျှသော ဒဏ်ငွေ" ဆိုသည့် စကားရပ်ကို "ထိမ်ချန်ခြင်းကြောင့် ပိုမိုကျသင့်သည့် အခွန်၏ တစ်ဆနှင့်ညီမျှသောဒဏ်ငွေ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၂၂။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၅၁ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၅၁။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်-

နည်းဥပဒေများ၊ စည်းမျဉ်းများ စသည်တို့ ပြုလုပ်ပိုင်ခွင့်

(က) စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် နည်းဥပဒေ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို ထုတ်ပြန်နိုင်သည်။

(ခ) စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ဂ) ပြည်တွင်းအခွန်များ ဦးစီးဌာနသည် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ညွှန်ကြားချက်နှင့်လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။"

၂၃။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၅၅ ကို အောက်ပါအတိုင်း အစားထိုးရမည်-

အကြောင်းကြားစာ အတည်ပြုခြင်း

"၅၅။ (က) ဤဥပဒေအရ အကြောင်းကြားစာ သို့မဟုတ် ဆင့်စာကို ထိုစာတွင် အမည်ဖော်ပြထားသူအားလည်းကောင်း၊ အကယ်၍ ပုဂ္ဂိုလ်စုဖြစ်လျှင် ယင်းပုဂ္ဂိုလ်စု၏ အရွယ်ရောက်သူ အဖွဲ့ဝင်တစ်ဦးဦး၊ သို့မဟုတ် ဒါရိုက်တာတစ်ဦးဦး၊ သို့မဟုတ် အုပ်ချုပ်သူ၊ သို့မဟုတ် အတွင်းရေးမှူးအားလည်းကောင်း စာတိုက်မှဖြစ်စေ၊ အီလက်ထရောနစ်နည်းဖြင့်ဖြစ်စေ ပေးပို့အတည်ပြုခြင်း သို့မဟုတ် တရားစီရင်ရေးအဖွဲ့မှ တရားမကိစ္စအတွက် ထုတ်ဆင့်သည့် သမ္မန်စာ ဖြစ်ဘိသကဲ့သို့ အတည်ပြုခြင်း ပြုနိုင်သည်။

(ခ) ပုဒ်မခွဲ (က) နှင့်အညီ စာတိုက်မှ ဖြစ်စေ၊ အီလက်ထရောနစ်နည်းဖြင့်ဖြစ်စေ အကြောင်းကြားစာ သို့မဟုတ် ဆင့်စာပေးပို့ဆောင်ရွက်ခြင်းသည် တရားဝင် အတည်ပြုခြင်းဖြစ်သည် ဟု မှတ်ယူရမည်။

(ဂ) အခွန်ထမ်းသည် အကြောင်းကြားစာ သို့မဟုတ် ဆင့်စာကို လက်ခံရရှိကြောင်း အကြောင်းပြန်ကြားခြင်းကို ပုဒ်မခွဲ (က) ပါနည်းများဖြင့် ပြန်လည်ပေးပို့နိုင်သည်။"

၂၄။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၅၉ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၅၉။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အလိုက် ပုဂ္ဂိုလ်တစ်ဦးချင်းထံမှ ကောက်ခံရရှိသည့် အခွန်ငွေများအထဲမှ ပြည်ထောင်စုအစိုးရအဖွဲ့က တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အလိုက် သတ်မှတ်ပေးသော ရာခိုင်နှုန်းအချိုးအတိုင်း သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေသို့ လွှဲပြောင်းပေးသွင်းနိုင်သည်။"

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) ထင်ကျော်

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်